ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန

# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန


အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုတ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

E-mail: dgdma@myanmar.com.mm , dma.myan@gmail.com Tel : 95 1 397640
PO.Box: 194 Fax: 95 1 397641


ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

## ညွှန်ကြားချက် ( ၂/၂၀၁၄ )

အကြောင်းအရာ။ **မြန်မာ သင်္ဘောသားများ နိုင်ငံခြား အလံလွှင့်ထူထားသည့် ရေယာဉ်များနှင့် Offshore လုပ်ငန်းများ၌ တာဝန်ထမ်းဆောင်ရာတွင် Departmental Service Charges နိုင်ငံတော်သို့ ပေးသွင်းခြင်းကိစ္စ**

၁။ ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၄) ဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ SRPS လိုင်စင်ရရှိထားသည့် ကုမ္ပဏီများသည် နိုင်ငံတော်သို့ ပေးသွင်းလျက်ရှိသည့် ဌာနဆိုင်ရာ ဝန်ဆောင်ကြေးများကို လစဉ်ပေးသွင်းခြင်းအစား ဌာနတွင် မှတ်ပုံတင်ထားသည့် မြန်မာသင်္ဘောသားများ နိုင်ငံခြားအလံလွှင့်ထူထားသည့် သင်္ဘောများသို့ တာဝန်ထမ်းဆောင်ရန် ထွက်ခွာရာတွင် ဌာနဆိုင်ရာ ဝန်ဆောင်ကြေးကို အောက်ပါအတိုင်း ပြောင်းလဲပေးသွင်းသွားရမည်ဖြစ်သည်-

(က) Offshore လုပ်ငန်းများနှင့် Offshore လုပ်ငန်းသုံး နိုင်ငံခြားရေယာဉ်များတွင် တာဝန်ထမ်းဆောင်သည့် သင်္ဘောသားတစ်ဦး၊ တစ်ကြိမ်သွားရောက် တာဝန်ထမ်းဆောင်ခြင်းအတွက် မြန်မာ ကျပ်ငွေ (၁၀၀၀၀ိ/-)၊ *(SRPS လိုင်စင်ရရှိထားသော ကုမ္ပဏီများသည် Offshore လုပ်ငန်းများနှင့် Offshore လုပ်ငန်းသုံးနိုင်ငံခြားရေယာဉ်များသို့ မြန်မာသင်္ဘောသားများ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးရန်ရှိပါက အဆိုပါ Offshore လုပ်ငန်းများ/ လုပ်ငန်းသုံးရေယာဉ်များနှင့် ပတ်သက်သည့် ပြည့်စုံလုံလောက်သော အချက်အလက် အထောက်အထားများကို သင်္ဘောသားအား မစေလွှတ်မီ ရက်သတ္တတစ်ပတ် ကြိုတင်၍ သင်္ဘောသား ဌာနခွဲသို့ တင်ပြထားရမည်)*

(ခ) Offshore လုပ်ငန်းများနှင့် Offshore လုပ်ငန်းသုံး နိုင်ငံခြားရေယာဉ်များမှလွဲ၍ ကျန်နိုင်ငံခြားရေယာဉ်များတွင် တာဝန် ထမ်းဆောင်သည့် သင်္ဘောသားတစ်ဦး၊ တစ်ကြိမ်သွားရောက် တာဝန်ထမ်းဆောင်ခြင်း အတွက် မြန်မာကျပ်ငွေ (၃၀၀၀ိ/-)၊

၂။ ဤညွှန်ကြားချက်မထုတ်ပြန်မီ Departmental Service Charges အဖြစ် နိုင်ငံခြား ရေယာဉ်ပေါ်၌ တာဝန်ထမ်းဆောင်ခြင်း (Onboard) ကာလ တစ်လလျှင် စေလွှတ်ထားသည့် သင်္ဘောသား တစ်ဦးအတွက် ငွေကျပ် (၅၀၀၀/-) ပေးသွင်းဆဲဖြစ်သည့် ကုမ္ပဏီများသည် အဆိုပါ သင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ သတင်းပို့သည့် အချိန်အထိ ယခင်သတ်မှတ်ထားသည့် နှုန်းထားအတိုင်း နိုင်ငံတော်သို့ ပေးသွင်းသွားရမည်ဖြစ်သည်။

၃။ ဤညွှန်ကြားချက်တွင် ပါရှိသည့် Departmental Service Charges များ နိုင်ငံတော်သို့ ပြောင်းလဲ ပေးသွင်းစေခြင်းကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှ စ၍ ဆောင်ရွက်သွားရန် ညွှန်ကြားသည်။

(ပုံ)မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန